မြို့နယ်စည်ပင်သာယာရေးအဖွဲ့
ကြို့ပင်ကောက်မြို့
ရက်စွဲ၊ ၂၀၂၁ခုနှစ်၊ဇူလိုင်လ ( ၂ )ရက်

# အရပ်ရပ်အခွင့်အရေးလိုင်စင်များ ရောင်းချမည့်ကြော်ငြာစာ (၁)

၁။ ၂၀၂၁- ၂၀၂၂ Mini Budget ( ၁. ၁၀. ၂၀၂၁ မှ ၃၁. ၃. ၂၀၂၂ ရက်နေ့အထိ) (၆)လတာကာလ အပိုင်းအခြားအတွက် ကြို့ပင်ကောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ပွဲတော်ပါ သားသတ်လိုင်စင်များကို အညီအမျှခွဲဝေချထားပေးခြင်းစနစ်ဖြင့်လည်းကောင်း၊ အပေါင်ဆိုင်လိုင်စင်များကို သက်တမ်းတိုးစနစ်ဖြင့်လည်းကောင်း ကျန်လိုင်စင်များကို ဈေးပြိုင်တင်ဒါစနစ်ဖြင့်လည်းကောင်း မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံးတွင် အောက်ဖော်ပြပါ နေ့ရက်များတွင် ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်-

| စဉ် | လိုင်စင်များရောင်းချမည့် အစီအစဉ် | လိုင်စင်များရောင်းချမည့် နေ့ရက်နှင့်အချိန် | လိုင်စင်များလျှောက်လွှာတင်ရမည့် နောက်ဆုံးနေ့ရက်နှင့်အချိန် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပထမအကြိမ် | ၁၇. ၈. ၂၀၂၁( အင်္ဂါနေ့) နံနက်(၁၀:၀၀)နာရီ | ၁၆. ၈. ၂၀၂၁(တနင်္လာနေ့) ညနေ(၁၆:၀၀)နာရီ | |
| ၂။ | ဒုတိယအကြိမ် | ၂၄. ၈. ၂၀၂၁(အင်္ဂါနေ့ ) နံနက်(၁၀:၀၀)နာရီ | ၂၃. ၈. ၂၀၂၁(တနင်္လာနေ့) ညနေ(၁၆:၀၀)နာရီ | |
| ၃။ | တတိယအကြိမ် | ၁. ၉. ၂၀၂၁(ဗုဒ္ဓဟူးနေ့) နံနက်(၁၀:၀၀)နာရီ | ၃၀. ၈. ၂၀၂၁(အင်္ဂါနေ့) ညနေ(၁၆:၀၀)နာရီ | |
| ၄။ | ချိတ်ပိတ်တင်ဒါ | ၇. ၉. ၂၀၂၁(အင်္ဂါနေ့) နံနက်(၁၀:၀၀)နာရီ | ၆. ၉. ၂၀၂၁(တနင်္လာနေ့) ညနေ(၁၆:၀၀)နာရီ | |
| ၅။ | အခြားနည်း | ၁၄. ၉. ၂၀၂၁( အင်္ဂါနေ့) နံနက်(၁၀:၀၀)နာရီ | ၁၃. ၉. ၂၀၂၁(တနင်္လာနေ့) ညနေ(၁၆:၀၀)နာရီ | |

၂။ အရပ်ရပ်အခွင့်အရေးလိုင်စင်လျှောက်လွှာတင်သွင်းသူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်-

(က) အသက်(၁၈)ပြည့်ပြီးသူမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) အမှုအခင်းနှင့်ပြဿနာ ကင်းရှင်းသူ ဖြစ်ရမည်၊

(ဂ) အခွန်ကြွေးကျန်ကင်းရှင်းသူဖြစ်ရမည်၊

၃။ အောက်ပါပုဂ္ဂိုလ်များ အရပ်ရပ်အခွင့်အရေးလိုင်စင်ဆွဲဝယ်ခွင့်ပြုမည်မဟုတ်ပါ-

(က) အခွင့်အရေးလိုင်စင်နှင့်ပတ်သက် နာမည်ပျက်စာရင်းဝင်သူများနှင့်၎င်းတို့၏ မိသားစုဝင်များ၊

(ခ) အရပ်ရပ်အခွင့်အရေးလိုင်စင်လျှောက်လွှာနှင့်အတူ တင်ပြရမည့်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသူများ၊

(ဂ) အထူးကိုယ်စားလှယ်လွှဲစာ ( Special Power)ဖြင့် လွှဲအပ်တင်ပြ၍ လူကိုယ်တိုင်လာရောက်ဆွဲဝယ်ခြင်းမပြုသူများ၊

၄။ အရပ်ရပ်အခွင့်အရေးလိုင်စင်လျှောက်လွှာနှင့်အတူ အောက်ပါ အထောက်အထားများကို ပူးတွဲ တင်သွင်းရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အခွန်အခကင်းရှင်းကြောင်း ထောက်ခံချက်၊ လဝကလူဦးရေစာရင်းပုံစံ(၆၆/၆)၊စားပွဲတင်အာမခံငွေ ပေးသွင်းထားသည့်အထောက်အထား၊ငွေထုတ်ယူခွင့်အမိန့်၊(POP) သက်ဆိုင်ရာရဲစခန်းနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

(ခ) အရှုပ်အရှင်း အပေါင်အနှံကင်းရှင်းသည့် သက်ဆိုင်ရာ လိုင်စင်ကြေးခင်းဈေး တန်ဘိုးထက် လျော့နည်းခြင်းမရှိသော မရွှေ့ပြောင်းနိုင်သောပစ္စည်း (အဆောက်အဦ/အိမ်/မြေ)နှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ၊အိမ်/မြေ/ဂရန် အစရှိ သည့် မူရင်းအထောက်အထားများ၊အလား(၄)ဘက် ဓါတ်ပုံ(၄)ပုံ၊စည်ပင်တန်ဘိုးဖြတ်အဖွဲ့၏ စိစစ် ထောက်ခံချက်(သို့မဟုတ်)ဆွဲဝယ်မည့်သူပိုင် ငွေစုလက်မှတ်မူရင်း၊ငွေစုစာအုပ်မူရင်း၊စသည့် စာရွက်စာတမ်းအထောက်အထားများ၊

(ဂ) မြို့နယ်ပြင်ပမှဖြစ်ပါက အထက်ဖော်ပြပါ အထောက်အထားများအပြင် သက်ဆိုင်ရာ မြို့နယ် စည်ပင်တန်ဘိုးဖြတ်အဖွဲ့၏ စိစစ်ထောက်ခံချက်အပေါ် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာ ရေးအဖွဲ့ အမှုဆောင်အရာရှိ၏ ထပ်ဆင့်ထောက်ခံချက်၊

(ဃ) လိုင်စင်တန်ဖိုးကျပ်(၂၀)သိန်း (ကျပ်နှစ်ဆယ်သိန်းတိတိ)ထက်ကျော်လွန်လျှင် အကြေမပေးသွင်း လိုပါက သတ်မှတ်ထားသည့် မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းအာမခံအထောက်အထားတင် သွင်း၍-

(၁) သက်တမ်းတိုးလိုင်စင် လုပ်ကိုင်ခွင့်ရရှိသူဖြစ်စေ၊ တိုက်ရိုက်ချထားခြင်း ခံရသူဖြစ်စေ၊ လေလံဆွဲဝယ်ရရှိသူဖြစ်စေ၊မိမိရရှိသောလိုင်စင်(၅ပုံ၁ပုံ)လေလံကြေးငွေ(သို့မဟုတ်) (၂ပုံ ၁ပုံ)လိုင်စင်ကြေးငွေ(တိုင်းဒေသကြီးပြင်ပ)(သို့မဟုတ်)အကြေပေးသွင်းရန် သတ်မှတ် သည့် လိုင်စင်ကြေးငွေများကို ၂၀၂၁-၂၀၂၂ Mini Budget ( ၈-၁၀-၂၀၂၁) ရက်နေ့ နောက်ဆုံးထား၍ပေးသွင်းရမည်၊ကျန်ငွေကို (၄)ရစ်အညီအမျှ ခွဲဝေ၍ အောက်တို ဘာလမှ ဇန်နဝါရီလအတွင်း အရစ်ကျခွဲ၍ ပေးသွင်းရမည်၊

(၂) ပဲခူးတိုင်းဒေသကြီးပြင်ပမှ လာရောက်ဆွဲဝယ်လုပ်ကိုင်သူဖြစ်ပါက လိုင်စင်ကြေး၏ (၅၀%)အား လိုင်စင်ဆွဲဝယ်ရရှိသည်နှင့်၂၀၂၁-၂၀၂၂ Mini Budgetနှစ်စ(၈-၁၀-၂၀၂၁) ရက်နေ့ နောက်ဆုံးထား၍ပေးသွင်းရမည်၊ကျန်(၅၀%)အား ၂၀၂၁ခုနှစ် အောက်တို ဘာလမှစ၍ လစဉ်သတ်မှတ်ရက်များအတိုင်း (၂)ရစ်ခွဲ၍ ပေးသွင်းရမည်၊ လေလံ ကြေးအနည်းဆုံးကျပ်(၂၀)သိန်းဖြစ်ပါက၂၀၂၁-၂၀၂၂Mini Budgetနှစ်စ( ၈-၁၀-၂၀၂၁) ရက်နေ့နောက်ဆုံးထား၍ အကြေပေးသွင်းရမည်၊

(င) လုံလောက်သော အာမခံတင်သွင်းနိုင်ခြင်းမရှိပါက လေလံကြေးအကြေပေးသွင်းရမည်၊ အာမခံလုံလောက်ခိုင်မာမှုမရှိပါက လေလံအား အတည်ပြုမည်မဟုတ်ပါ၊

(စ) မည်သည့်ပုဂ္ဂိုလ်၊အသင်းအဖွဲ့၊ဌာနဆိုင်ရာအဖွဲ့အစည်း၊ဝန်ထမ်းများကိုမျှ တိုက်ရိုက် ရောင်းချမည်မဟုတ်ပါ၊

(ဆ) အရပ်ရပ်အခွင့်အရေးလိုင်စင်ဆွဲဝယ်သူများသည် အဖွဲ့မှသတ်မှတ်ထားသည့် လိုင်စင် ဆွဲဝယ်ခွင့် လျှောက်လွှာ များကို တစ်စုံလျှင် ( ၁၅၀၀၀/-)နှုန်းဖြင့် ဝယ်ယူပြီး အထောက်အထား ပြည့်စုံစွာဖြင့်ဖော်ပြပါသတ်မှတ်ရက်အတိုင်း ရုံးချိန်အတွင်း နောက်ဆုံးထား၍ကြို့ပင်ကောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လျှောက်ထား ရမည်။

(ဂ) အရပ်ရပ်အခွင့်အရေးလိုင်စင်မအောင်မြင်သူများ၏ စားပွဲတင်အာမခံငွေအား လေလံပွဲပြီးဆုံးသည့် (၁၀)ရက်ကြာမှုပြန်လည်၍ ထုတ်ပေးမည်။

၅။ ၂၀၂၀-၂၀၂၂ Mini Budget အတွက် အဖွဲ့မှ သတ်မှတ်ပြဋ္ဌာန်းထားသော အရပ်ရပ်အခွင့်အရေးလိုင်စင်များ ရောင်းချမည့် ကြော်ငြာနှင့် စည်းကမ်းသတ်မှတ်ပြဋ္ဌာန်းချက်များနှင့် ပတ်သက်၍ မရှင်းလင်းသည့်အချက်များရှိပါက ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအ ဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်သည်။

ဖုန်းနံပါတ် - ၀၅၃-၅၀၀၂၄

အမှုဆောင်အရာရှိ
( တိုးအောင်လွင် ၊ဦးစီးအရာရှိ)

စာအမှတ်၊ ၅၁၅ /ယ-၂ /တပက (၀၀၀)
ရက်စွဲ၊ ၂၀၂၀ခုနှစ်၊ ဇူလိုင်လ ( ၂ )ရက်

ဖြန့်ဝေခြင်း
ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စည်ပင်သာယာရေးအဖွဲ့များအားလုံး( မြို့)
လိုင်စင်စီနှင့်လိုင်စင်စီဟောင်းများ၊အခြားစိတ်ပါဝင်စားသူများအားလုံးနှင့် ကြော်ငြာသင်ပုန်းများအားလုံး။

မိတ္တူကို
ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ၊ပဲခူးမြို့၊
ညွှန်ကြားရေးမှူး၊ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ပဲခူးမြို့၊
မြို့နယ်အုပ်ချုပ်ရေးမှူး၊မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ကြို့ပင်ကောက်မြို့၊
ဥက္ကဋ္ဌ၊မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ကြို့ပင်ကောက်မြို့၊
ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအားလုံး၊ကြို့ပင်ကောက်မြို့နယ်
ရုံးလက်ခံ
မျှောစာတွဲ

-၂၀၂၂ ဘဏ္ဍာရေးနှစ် Mini Budgetအတွက် အညီအမျှခွဲဝေချထားပေးခြင်းစနစ်/သက်တမ်းတိုးစနစ်/
ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချမည့် အခွင့်အရေးလိုင်စင်များစာရင်း

ကြို့ပင်ကောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့

| စဉ် | အခွင့်အရေးလုပ်ငန်းလိုင်စင်အမည် | ကြမ်းခင်းဈေး | စားပွဲတင်အာမခံငွေ |
|---|---|---|---|
| | အညီအမျှခွဲဝေချထားပေးခြင်းစနစ်ဖြင့် ရောင်းချမည့်လိုင်စင်များ | | |
| ၁ | မြို့မအမဲ | ၆၆၀၀၀၀၀ | ၃၃၀၀၀၀၀ |
| ၂ | မြို့မဝက် | ၁၃၂၀၀၀၀၀ | ၆၆၀၀၀၀၀ |
| ၃ | ကုန်းရွာဝက် | ၅၅၀၀၀၀ | ၂၇၅၀၀၀ |
| ၄ | လေ့တုန်းဝက် | ၅၅၀၀၀၀ | ၂၇၅၀၀၀ |
| ၅ | မှန်ပင်ထူးဝက် | ၃၆၇၀၀၀ | ၁၈၃၅၀၀ |
| ၆ | ငှက်ကြီးသိုက်ဝက် | ၉၉၀၀၀၀ | ၄၉၅၀၀၀ |
| ၇ | သက်ရင်းကုန်းဝက် | ၇၁၅၀၀၀ | ၃၅၇၅၀၀ |
| ၈ | အလယ်ကုန်းဝက် | ၁၁၀၆၀၀၀ | ၅၅၃၀၀၀ |
| ၉ | ဘုရားကြီးကုန်းဝက် | ၆၀၅၀၀၀ | ၃၀၂၅၀၀ |
| ၁၀ | မြို့မဆိတ် | ၂၂၀၀၀၀၀ | ၁၁၀၀၀၀၀ |
| | သက်တမ်းတိုးစနစ်ဖြင့်ရောင်းချမည့်လိုင်စင်များ | | |
| ၁ | အပေါင်ဆိုင်-၁ | ၇၂၁၀၀၀ | ၃၆၀၅၀၀ |
| ၂ | အပေါင်ဆိုင်-၂ | ၈၈၀၀၀၀ | ၄၄၀၀၀၀ |
| ၃ | အပေါင်ဆိုင်-၃ | ၈၈၀၀၀၀ | ၄၄၀၀၀၀ |
| ၄ | အပေါင်ဆိုင်-၄ | ၈၈၀၀၀၀ | ၄၄၀၀၀၀ |
| ၅ | အပေါင်ဆိုင်-၅ | ၈၈၀၀၀၀ | ၄၄၀၀၀၀ |
| ၆ | အပေါင်ဆိုင်-၆ | ၇၉၈၀၀၀ | ၃၉၉၀၀၀ |
| ၇ | အပေါင်ဆိုင်-၇ | ၇၉၈၀၀၀ | ၃၉၉၀၀၀ |

| | | | |
|---|---|---|---|
| | ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့်လိုင်စင်များ | | |
| ၁ | ယာဥ်ရပ်နားခွန်ကောက် | ၅၅၀၀၀၀ | ၂၇၅၀၀၀ |
| ၂ | မြို့မစက်သီးအပ်ခကောက် | ၅၉၄၀၀၀၀ | ၂၉၇၀၀၀၀ |
| ၃ | နွားပွဲစက်သီးအပ်ခကောက် | ၈၂၅၀၀၀၀ | ၄၁၂၅၀၀၀ |
| ၄ | ရေလောင်းအိမ်သာကောက် | ၆၆၀၀၀၀ | ၃၃၀၀၀၀ |
| ၅ | နွားပွဲဈေးကောက် | ၆၀၅၀၀၀၀ | ၃၀၂၅၀၀၀ |
| ၆ | အဖွဲ့ပိုင်မြေလမ်းနှင့်လမ်းနယ်မြေအသုံးပြုခကောက် | ၇၇၀၀၀၀၀ | ၃၈၅၀၀၀၀ |
| ၇ | မြို့မဈေးပုံကျဈေးကောက် | ၇၈၁၀၀၀၀ | ၃၉၀၅၀၀၀ |

သဘာပတိ
အမှုဆောင်အရာရှိ
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
ကြို့ပင်ကောက်မြို့